ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၁ /၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

# အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ဆောင်ရွက်မှု (Advance Ruling on Customs Valuation) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟုခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ခ) အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ချက် ဆိုသည်မှာ ကုန်ပစ္စည်းမရောက်မီတင်သွင်းမည့်ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် ကျသင့်အခွန်ကြိုတင်တွက်ချက်နိုင်ရေးအတွက် အကောက်ခွန်တန်ဖိုးသတ်မှတ်၍ အကြောင်းပြန်ကြားချက်ကိုဆိုသည်။

(ဂ) လျှောက်ထားသူ ဆိုသည်မှာ ကုန်ပစ္စည်းမရောက်မီတင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် ကျသင့်အခွန်ကြိုတင် တွက်ချက်နိုင်ရေးအတွက် အကောက်ခွန်တန်ဖိုးသတ်မှတ်ပေးရန် လျှောက်ထားသူကိုဆိုသည်။

(ဃ) နယ်မြေအကောက်ခွန်ရုံးဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့ ရှိအကောက်ခွန်ရုံး အဆင့်ဆင့်ကိုဆိုသည်။

## အခန်း(၂)

## လျှောက်ထားခြင်း၊ လက်ခံစိစစ်ခြင်းနှင့် ပြန်ကြားခြင်း

၃။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် ပါဝင်ဆောင်ရွက်သော ကုန်တင်သွင်းသူသည် ကုန်ပစ္စည်းမရောက်မီ တင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် ကျသင့်အခွန်ကြိုတင်တွက်ချက်နိုင်ရေးအတွက်အကောက်ခွန်တန်ဖိုးသတ်မှတ်ပေးရန် လျှောက်ထားလိုပါကအကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့ဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ဖြစ်စေ လျှောက်ထားနိုင်သည်။

၄။ အပိုဒ်(၃)အရလျှောက်ထားသည့်အခါ-

(က) အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သောလျှောက်လွှာပုံစံ မူရင်းနှင့်မိတ္တူတို့တွင်ပြည့်စုံစွာရေးသွင်းပြီးကုန်ပစ္စည်းမတင်သွင်းမီ အနည်းဆုံး ရက်ပေါင်း ၃၀ အတွင်း ကြိုတင်ပေးပို့လျှောက်ထားရမည်။

(ခ) လျှောက်လွှာကို လူကိုယ်တိုင်ဖြစ်စေ ၊ စာ/ ဖက်စ် /အီးမေးလ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။

(ဂ) လျှောက်လွှာနှင့်အတူရောင်းဝယ်မှုဆိုင်ရာစာရွက်စာတမ်းများ (Commercial Documents) ပူးတွဲတင်ပြရမည်။

(ဃ) ကုမ္ပဏီအနေဖြင့်လျှောက်ထားခြင်းဖြစ်ပါက မန်နေဂျင်းဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာ တစ်ဦးဦးက လက်မှတ်ရေးထိုးလျှောက်ထားရမည်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏အကြီးအကဲ သို့မဟုတ် ယင်းကတာဝန်လွှဲအပ်သည့် ပုဂ္ဂိုလ်က လက်မှတ်ရေးထိုးလျှောက်ထားရမည်။

၅။ လျှောက်ထားသူသည် အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများကို လျှောက်လွှာလက်ခံသည့်ရုံးက တောင်းခံလျှင် စတင်တောင်းခံသည့်နေ့မှစ၍ ၄၅ ရက်အတွင်း( ရုံးပိတ်ရက်မပါ) အမြန်ဆုံး တင်ပြရမည်။

၆။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့မဟုတ် နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ်(၃) အရ လျှောက်ထားချက်ကိုလက်ခံရရှိလျှင် -

(က) လျှောက်လွှာပုံစံတွင် ပြည့်စုံစွာရေးသွင်းထားခြင်းရှိ/မရှိ နှင့် လိုအပ်သော စာရွက်စာတမ်းများပြည့်စုံစွာပူးတွဲတင်ပြခြင်းရှိ/မရှိစိစစ်ရမည်။ လျှောက်ထား

သည့်ကုန်စည်အမျိုးအစားသည် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) က အကောက်ခွန်တန်ဖိုးသတ်မှတ်ပြီး မှတ်တမ်းတွင်အကျုံးဝင်ခြင်း ရှိ/မရှိကို လည်းကောင်း၊ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ရာတွင် မှန်ကန်စွာ တန်ဖိုးဖြတ်နိုင်ရေးအတွက်လိုအပ်သောအချက်အလက်နှင့် အထောက်အထား များပြည့်စုံစွာပါဝင်ခြင်းရှိ/မရှိကိုလည်းကောင်း၊လျှောက်ထားသောကုန်ပစ္စည်း သည် ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေအက်ပုဒ်မ (၁၈)အရ ဖြစ်စေ ၊ (၁၉) အရဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေတားမြစ်ခြင်း (သို့မဟုတ်) ကန့်သတ်ထားခြင်း ရှိ/မရှိကို လည်းကောင်း စိစစ်ရမည်။

(ခ) လျှောက်လွှာပုံစံတွင် ပြည့်စုံစွာရေးသွင်းထားခြင်းမရှိကြောင်း တွေ့ရှိရပါက အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ခြင်းပြုမည်မဟုတ်ပါ။

(ဂ) လျှောက်လွှာအားလျှောက်ထားသူထံသို့ ပြန်လည်ပေးပို့၍ အမြန်ဆုံး ပြန်လည် လျှောက်ထားစေရမည်။

(ဃ) လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများပြည့်စုံစွာ ပူးတွဲတင်ပြ ခြင်းမရှိလျှင်ဖြစ်စေ၊ အခြားသတင်းအချက်အလက်နှင့် စာရွက်စာတမ်း အထောက်အထားများ လိုအပ်ကြောင်းထင်မြင်လျှင်ဖြစ်စေ လျှောက်ထားသူ ထံမှ တောင်းခံနိုင်သည်။

၇။ နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ်(၃)အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် ပြည့်စုံမှန်ကန်သော လျှောက်ထားချက်ဖြစ်ကြောင်း စိစစ်တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)က အကောက်ခွန်တန်ဖိုး သတ်မှတ်ထားပြီး ဖြစ်သောမှတ်တမ်းတွင် အကျုံးဝင်သည့် ကုန်ပစ္စည်းအမျိုးအစားဖြစ်လျှင် အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ထုတ်ပေးရမည်။

(ခ) အကောက်ခွန်ဦးစီးဌာန ( ရုံးချုပ် ) က အကောက်ခွန်တန်ဖိုး သတ်မှတ်ပြီး ဖြစ်သောမှတ်တမ်းတွင် အကျုံးဝင်ခြင်းမရှိသည့် ကုန်ပစ္စည်းအမျိုးအစား ဖြစ်လျှင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့တင်ပြရမည်။

၈။ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သည် အပိုဒ်(၃)အရ လျှောက်ထားချက်ကို လက်ခံရရှိ လျှင်စိစစ်၍ အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ချက်အား လျှောက်ထားသူထံ ဖြစ်စေ သို့မဟုတ် သက်ဆိုင်ရာ နယ်မြေရုံးမှတစ်ဆင့် ဖြစ်စေ ပြန်ကြားရမည်။

၉။ အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားသည့် ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ မှန်ကန်စွာ တန်ဖိုးဖြတ်နိုင်မည့် အချက်အလက်နှင့် အထောက်အထားများ ပြည့်စုံ စွာရရှိမှသာ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ထုတ်ပေးရမည်။ ယင်းသို့သတ်မှတ်

ချက်ထုတ်ပေးရာတွင် အထောက်အထားပြည့်စုံစွာရရှိသည့်နေ့မှ ၁၄ ရက်ထက် မကျော်လွန်စေရ။

၁၀။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ အရ ဖြစ်စေ၊ ၁၉ အရဖြစ်စေ တားမြစ်ထားသော သို့မဟုတ် ကန့်သတ်ထားသော ကုန်ပစ္စည်းများနှင့်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကန့်သတ်ထားသော အခြားကုန်ပစ္စည်းများကို ကြိုတင်တန်ဖိုး သတ်မှတ်ပေးရန် လျှောက်ထား ပါလက်ခံဆောင်ရွက်ခြင်းမပြုရ။

## အခန်း(၃)
## လျှောက်ထားချက်ကိုပြန်လည်ရုပ်သိမ်းခြင်း

၁၁။ လျှောက်ထားသူသည် အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းလိုပါက လျှောက်ထားသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ရုပ်သိမ်းသည့်အခါ မည်သည့်အတွက်ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း အကြောင်းပြချက်ဖော်ပြရမည်။

## အခန်း(၄)
## ပြန်လည်သုံးသပ်ခြင်း နှင့် ပြန်လည်သတ်မှတ်ခြင်း

၁၂။ ကြိုတင်သတ်မှတ်ထားသည့်အကောက်ခွန်တန်ဖိုးသည်အမှန်တကယ်ဝယ်ယူခဲ့ရသောကုန်ပစ္စည်းတန်ဖိုးနှင့် ကွဲလွဲနေ၍ ပြန်လည်သုံးသပ်ပေးစေလိုပါက အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ချက်လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း နိုင်လုံသော အထောက်အထားများဖြင့် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ လျှောက်ထားနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည်အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်အပေါ်စိစစ်သုံးသပ်၍ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ရမည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ကြိုတင်သတ်မှတ်သည့် အကောက်ခွန်တန်ဖိုးနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိက မှားယွင်း၍ ဖြစ်စေ လျှောက်ထားသူက တင်ပြသောပြည့်စုံ၊ မှန်ကန်မှု မရှိသည့် သတင်းအချက်အလက်များကို အခြေခံ၍ဖြစ်စေ သတ်မှတ်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါတန်ဖိုးကိုပယ်ဖျက်၍ ပြန်လည်သတ်မှတ်ရမည်။

## အခန်း(၅)
## အထွေထွေ

၁၅။ အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ချက်ကို ယင်းသတ်မှတ်ချက်ထုတ်ပြန်သည့်နေ့မှ ၆ လ အတွင်း ကိုးကားအသုံးပြုနိုင်သည်။

၁၆။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်မူရင်း (Application form for Advance Ruling on Customs Valuation) ကို သွင်းကုန်ကြေညာလွှာ တင်သွင်းချိန်တွင် ပူးတွဲတင်ပြရမည်။

၁၇။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

၁၈။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ရမည်။

၁၉။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

------------------- ၀ -------------------

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁ ( ၇၆၂/၂၀၁၆ )
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

<u>ဖြန့်ဝေခြင်း</u>
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
[illegible]လွှတ်တော်ချုပ်ရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)